ဉာဏ်ဝင်းစာပေ

## ဆုလေးနွယ်

# ချစ်တတ်ခဲ့ခြင်းတစ်ခုတည်းသာ



# အခန်း(၁)

ဘာကြောင့် မှန်းမသိ ပဂေးရင်တွေတုန်ကာ နည်းနည်းစိတ်လှုပ်ရှား နေမိသည် ။

ယခုတလောလေးအတွင်း စိတ်လှုပ်ရှားစရာအကြောင်းအရာတွေကြုံတွေ့နေရတာမှန်ပေမယ့် သည် နေ့ကိစ္စကမျှော်လင့်မထားမိပါဘဲ ရုတ်တရက်ပေါ်ပေါက်လာတာ။

ဦးပြည့်ကျော်နှင့် သူ့စက္ကုထရီဒေါ်ပဂေးကျော်ဆိုတာ မျက်ဝန်းချင်း တစ်ချက်ကလေးဆုံသွားရုံနှင့် ပဲ တစ်ဦးသဘောကိုနောက်တစ်ဦးကအ လုံးစုံ နားလည်သဘောပေါက်တတ်သည် ဟု သတင်းကြီးနေခဲ့တာပါ။ ဒါပေမဲ့ခုကိစ္စမှာ တော့ ပဂေးဦးပြည်ကျော်သဘောထား ကိုနားမလည်မိ လိုက်ချေ။

ညွှန်ကြားချက်ကဖြုန်းစားကြီးဝင်လာတာမို့ ပဂေးဘက်မှာ တစ်စုံတ စ်ရာပြင်ဆင်စီစဉ်ဖို့ လည်း အချိန်မရ။

ဆက်ဆက်သွားကြိုလိုက်ပါဆိုတဲ့ စကားတစ်ခွန်းက ပဂေးအတွက် ဦးထိပ်ပန်ဆင်ရန်အမိန့်သာမို့ ရှောင်လွှဲမရနိုင်တာသေချာသည် ။

လွန်ခဲ့သောလအနည်းငယ်ကတည်းက ဩစတြေးလျရောက်နေသ ည့် လူက ပဂေးဆီဖုန်းဆက်တော့ဘန်ကောက်က။

သူဘာကြောင့် ဘန်ကောက်ရောက်နေသလဲ ပဂေးမသိပေမယ့် ဟို

ကောင်လေးနှင့် အတူ ရှိနေမှာ တော့သေချာသည် ။

ပတ်စပို့အရွယ် ဓာတ်ပုံလေးနှင့် စာတစ်စောင်ရောက်လာတုန်းကထို ကောင်လေးမှာ ပဂေးအတွက်ထူးခြားမှုရှိမည်ဟု မထင်ခဲ့ရပါ။ သည် လို ပဲသူ့မိတ်ဆွေသားသမီးအချို့ကို သူပိုင်လုပ်ငန်းမှာ အလုပ်တစ်နေရာ အကူအညီပေးတတ်သော ဦးပြည့်ကျော်အတွက်အဆန်းမဟုတ်သလို ပဂေးအတွက်ကော ဘာထူးခြားမှာ တဲ့ လဲ။ စာထဲမှာ မာကြောင်းသာကြောင်းအလုပ်ခွင်အကြောင်းတွေအပြင်ဟိုမှာ မိတ်ဆွေတစ်ယောက်ရဲ့ သားဘွဲ့လွန်လာတတ်နေတာ၊ ပြီးရင်မြန်မာပြည်ပြန်လာတဲ့ အခါ ကိုယ်ပိုင်လုပ်ငန်းမလုပ်ခင်သူပိုင်ဆိုင်သည့် ဟိုတယ်မှာ အခိုက်အတန့်ဝင်ရောက်လုပ်ကိုင်ပေးနိုင်မည့် သူဖြစ်ကာ ဘာညာအာပလာသဘောမျိုး ထည့်ရေးရုံရေးတာပါ။

အဲသည့် စာဖတ်ရတုန်းကတော့ထိုကောင်လေးမှာ ဦးပြည့်ကျော်အရေးပေးလွန်းသည့် လူဟု ပဂေးတွေးတောင်မတွေးပါ။ ဒါပေမဲ့မမကြီးဆီတော့ထည့်မပြောမိတာတော်သေးသည် ။ ခုလိုရုတ်တရက်ရန်ကုန်ရောက်လာမည်။ ပဂေးကလေဆိပ်သွားကြိုရမည်ဆိုတာတော့ တကယ်ကိုထင်မထားမိသည့် အဖြစ်ပါ။

ပြီးတော့ မမကြီးနှင့် ဆွေးနွေးဖို့ အချိန်မရလိုက်တာမို့ ပဂေးစိတ်ထဲနည်းနည်းစိုးထင့်မိတာ။ စိုးရိမ်စရာအကြောင်း မရှိပါဘူးလေဟု ကိုယ့်ကိုယ်ကို အားပေးထားရင်းကရင်ထဲခုန်နေသည် ။ ပြီးတော့ မြန်ဆန်နေသည့် ရင်ခုန်နှုန်းကိုပဲ စိတ်ထဲကမကြိုက်လှစွာ ပဂေးမျက်နှာလေးကမှုန်တင်းနေရတော့၏။

လူတစ်ယောက်ကိုဆီးကြိုခေါ်ဆောင်သွားဖို့ လတ်တလောတာဝန်ယူထားသူက သည် လောက်ညှံ့ဖျင်းသင့်သလား။

သည် ထက် ပျော့ပျောင်းစွာလှိုက်လှဲသောအပြုံးတစ်ပွင့်နှင့် ရှိနေသင့်သည် မဟုတ်လေ။ နားလည်မိခြင်း တစ်ခုတည်းနှင့် စိတ်ထဲရှုပ်ထွေးနေတာ ကိုညံသက်အောင် ဖြေဖျောက်နေမိ၏။ မင်းကိုတည်ငြိမ်အေးချမ်းစွာနဲ့ ပဲစောင့်နေပါရစေပါကွယ်။

သူ့အသက်ဘယ်လောက်လဲဟု မသိပေမယ့်ဓာတ်ပုံထဲက မျက်နှာနုနုကတော့ချာတိတ်လေးတစ်ယောက်ပုံသာ ထင်ရတာ။ နှစ်ဆယ်ကျော်အစိတ်ကျော်ဆိုတဲ့ အရွယ်ကပဂေးအတွက်တော့ချာတိတ်လေးပေါ့လေ။

မင်းကိုတွေ့ရဖို့ ဘာကြောင့် ရင်ခုန်ရမှာ လဲ။ ဘာအကြောင်းကြောင့်နဲ့ မှ ပဂေးမတုန်မလှုပ် ထိုက်ပါဘူးနော်။ သူ့ကိုကြိုဆိုမည့် သူကသာမန်မိန်းမသားတစ်ဦးမှ မဟုတ်တာ။

ဦးပြည့်ကျော်လိုနာမည်ကြီးစီးပွားရေးပညာရှင်တစ်ယောက်၏ စိတ်အချရဆုံး ကိုယ်ရေးအတွင်းရေးမှူးလောလောဆယ် ဦးပြည့်ကျော်ပိုင်လုပ်ငန်းအားလုံးကို အလုံးစုံလွှဲအပ်ခံထားရသူအုပ်ချုပ်ရေးမှူး၊ တစ်နည်းအားဖြင့် ဦးပြည့်ကျော်မရှိခိုက် ဦးပြည့်ကျော်နေရာမှာ လုံးလုံးလျားလျားရပ်တည်နိုင်သူပေပဲ။

ကိုယ်ရှိနေသည့် အနေအထားကိုလျှပ်တစ်ပြက် သုံးသပ်စဉ်းစားကြည့်ပြီးမှ သိပ်များကိုယ်ရည်သွေးမိပြီလားဟု စိတ်ထဲဖွဖွလေးပြုံးဖြစ်သည် ။

ပဂေးအတွက်အားတက်ဖွယ်အတွေးပဲလေ။အားယူသည့် အနေနှင့်တစ်ခါတစ်ရံတော့တွေးထားမှ ဖြစ်မှာ ပေါ့။

ဦးပြည့်ကျော်နှင့် သူနှင့် ကဘယ်ရွှေ့ဘယ်မျှ ခင်မင်သည် ပဲဆိုဆိုရန်ကုန်မှာ လက်ရှိသူရင်ဆိုင်ရမည့် အလုပ်ရှင်ကတော့ပဂေးပဲဖြစ်သည် မဟုတ်လား။

ပဂေးအနေနှင့် ဘာကိုစနိုးစနောင့်ရှိရမှာ လဲ။

"သူ့ဆီကလိုတဲ့ အကူအညီတောင်းယူလိုက်ပါကွယ်"လို့ ပြောတာမှ မဟုတ်ဘဲ။

"ရောက်လာမယ့်ကောင်လေးကိုလိုတဲ့ အကူအညီပေးလိုက်ပါကွယ်" ဟု သာပြောတာ။

ပဂေးကကူညီရမည့် သူပဲ။ သူကကျေးဇူးတင်စွာလေးလေးစားစား ဆက်ဆံရမှာ ။ ဒါကိုများ ပဂေးရင်ထဲဘာတွေကြောင့် ကြမိသလဲမသိပါ ဘူး။ အတွေးများ စွာနှင့် ခဏမျှငြိမ်သက်နေမိခိုက်မှာ ပဲ ပဂေး ရှိရာသို့ လူတစ်ယောက် လျှောက်လာနေတာသတိပြုမိသွားမို့ မျက်ဝန်းတို့ ပြူး ကျယ်သွားရသည် ။ ခက်လျှော့လျှော့ဖြစ်နေသည့် မျက်မှန်ကို ဘယ်လ က်ဖြင့်နေသားကျအောင်ပြုပြင်လိုက်ရင်း ပဂေး ထိုလူကိုစူးစိုက်ကြည့် လိုက်မိသည် ။ ဓာတ်ပုံလေးထဲမှာ တော့ သူ့အရပ်ကသည် လောက် မြင့်မြင့်မားမားပါလို့ ခန့်မှန်းလို့ မရ။

မြင့်မားသောအရပ်နှင့် လိုက်ဖက်စွာကိုယ်နေ ဟန်ထားကပြည့်ဖြိုး ကျစ်လျစ်လှသည် ။ လမ်းလျှောက်ပုံကခပ်မတ်မတ်နှင့် အရာရာရင်ဆိုင် ရဲသည့် ဟန်၊ အေးဆေးသော ခြေလှမ်းတွေကိုကြည့်ရင်းသူဟာစိတ်ကို လွတ်လပ်ပေါ့ပါးစွာထားတတ်မည့် သူဟု လှစ်ခနဲ ယုံကြည်လိုက်မိတာ လည်း ထူးဆန်းသည် ။

ထိုလူအနီးကပ်လာသည် နှင့် အမှု စောစောကတင်းထားသမျှစိတ် တွေ ဘယ်ဆီရောက်ကုန်မှန်းမသိနိုင်စွာ ပဂေးရင်ထဲ တဒုတ်ဒုတ်မြည် နေရသည် ။

သူကစူးရှသောအကြည့်နှင့် အကဲခတ်ကာ ပဂေးထံ တရွေ့ရွေ့လျှော

က်လာနေပြီ။

မမှားနိုင်ပါဘူးလေ သည် အမျိုးသမီးပါပဲ။

ကယ်ကယ်ကျော်ပြောပြလိုက်သည့် ပုံပန်းသဏ္ဍာန်နှင့် အေးစက်စက်မျက်နှာထား၊ ပြီးတော့ သည် ကားနံပါတ်နဲ့ သူမရဲ့ ဝတ်စား ဆင်ယင်ပုံ။ ကယ်ကယ်ကျော်ကသူမအပေါ်အသေးစိတ် ဂရုတစိုက် ရှိသွားပဲဟု အံ့သြသွားမိသည် ။

"အရပ်မြင့်မြင့် အသားဖြူဖြူကွာမျက်နှာ လေးကအေးဆေးသလောက် လှုပ်ရှားနေထိုင်ပုံက သွက်လက်တယ်၊ ဘဲဥပုံမျက်နှာမှာ ဆံပင်ကိုအပြောင်သိမ်းထားတတ်တယ်"

ကယ်ကယ်ကျော်ပြောတုန်းကသူပြုံးစိစိလုပ်တာ ...

"အခုပုံစံပြောင်းသွားရင်ကောဗျ၊ ခုခေတ်အဘွားကြီးတွေက ဆံပင်တိုတိုခွေကောက်ကောက်ဖြစ်ကုန်ကြပြီ၊ လိုအပ်မှ အဲဒီဆံပင်ကိုမရမကစည်းလိုက်ထုံးလိုက်တာ"

ကိုယ့်အမေပုံစံကို စိတ်ထဲပြေးမြင်ကာ၊ ဆင်ခြေတက်လိုက်တော့။

"ကျော်ကအဲဒီလိုမဟုတ်ပါဘူးကွာ၊ သူကဆံပင်ကိုသိပ်မြတ်နိုးတာ၊ မင်းစိတ်ချ၊ ကယ်ကယ်ကျော် ပြောတဲ့ ပုံပဲမြင်ယောင်သွား"

အပိုင်အာမခံရှင်းပြလိုက်ပြီးမှ ကယ်ကယ်ကျော် သူ့ဘက်လှည့်ကြည့်တော့ ပြုံးလက်စမျက်နှာကိုမြင်သွားတာမို့ သူတောင်အားနာမိသလိုဖြစ်သွားရကာ။

ကယ်ကယ်ကျော်ကမဆိုသလောက်လေး ပျက်သွားသည့်မျက်နှာကိုမြင်ကာပေ့ါပါးစွာရယ်မောလိုက်ပြီး ...

"ငါနဲ့ သူကငယ်သူငယ်ချင်းပါကွာ၊ သူ့စိတ်ကိုငါသိပါတယ်ကယ်က ယ်ကျော် လွှတ်လိုက်တဲ့ လူဆိုတာနဲ့ မင်းကိုတရင်းတနှီးသဘောထားမှာ ပါ။ မင်းအတွက် အဒေါ်တစ်ယောက်ရသလိုပဲရှိမှာ ပါ။ သူ့ပုံစံကြည့်တာ နဲ့ တည်ငြိမ်အေးဆေးသိမ်မွေ့တဲ့ အမျိုးသမီးတစ်ယောက်မှန်း သိသာတ ယ်၊ အဝတ်အစားကိုကခပ်ရိုးရိုးတွေ ဒါပေမဲ့သူနဲ့ စကားပြောကြည့်ရင် တော့ သူထက်ထက်မြက်မြက်ရှိတာမင်းတစ်ချီတည်း သဘောပေါက်သွားမှာ ပါ။ တွေ့ရင် ငါပြောသလိုပြောပြ၊ ငါလည်း ဒီက နေ ဖုန်းဆက်ပြောထားဦးမှာ ဟုတ်ပြီလား"

လေယာဉ်ကွင်းအရောက်လိုက်ပို့ကာ မှာ ကြားမဆုံးနိုင်သောကယ် ကယ်ကျော်စကားတွေကြောင့် အလွန်သဘောမနောကောင်းသောနှစ်လို ဖွယ်ရှိသောအမျိုးသမီးတစ်ဦးကို မျက်စိထဲမြင်ပြီးသားလို့ တောင်ဖြစ်ရ ၏။

သူမကဘယ်လက်ဖွေးဖွေးဖြင့် မျက်မှန်လေးကို ပင့်တင်ကာသူ့ထံ ခ ပ်စူးစူးလှည့်ကြည့်သည် ။

ချောကလက်ရောင်ရင်ဖုံးအင်္ကျီအထူပွပွ၏ လက်ဖျားက သူမလက်ဖ မိုးအပေါ်ရောက်အောင်ပင် ရှည်လျားသည် ။

ဆံပင်ကိုနောက်တွဲထုံးကာ မျက်နှာတစ်ပြင်လုံးအေးမြရှင်းသန့်နေ လျက် မျက်မှန်နှင့် အလွန်လိုက်ဖက်လေသည် ။

စေ့ထားသောနှုတ်ခမ်းထူထူဘေးနားမှာ မှဲ့သီးနက်ကလေးတစ်လုံး က ထင်ရှားပေါ်လွင်နေ၏။

ချောကလက်အရောင်ပေါ် အဝါပွင့်နုပ်နုပ်တို့ ပါသောကတ္တီပါဖိနပ် အနက်လေးစီးကာ
သက်သောင့်သက်သာရပ်နေဟန်ကကယ်ကယ်ကျော်ပြောသလို အေးငြ

မ်းသောအသရေနှင့် တင့်တယ်လှပါသည်။

"မောင်စိတ်ဂျွန်းဆိုတာထင်တယ်"

နည်းနည်းတိုးဖျော့သွားသောကိုယ့်အသံကို ပဂေးသိပ်မကြိုက်ချင်။

"ဟုတ်ပါတယ်"

ခေါင်းကိုဖြည်းဖြည်းညွတ်ကာ ပြုံးတုံ့တုံ့ပြောဟန်က ပေါ့ပါးတက်ကြွနေသည်။

"အန်တီ နည်းနည်းနောက်ကျသွားတယ်ကွယ်၊ စိတ်မရှိပါနဲ့ "

ပဂေးတောင်းပန်စကားဆိုရင်းဖွဖွပြုံးလိုက်သည်။

အမှတ်တော့ ပဂေးဘာသာချီတုံချတုံဖြစ်နေတာမို့ ထွက်လာဖို့ အချိန်ဆွဲနေမိတာ။ ဒါပေမဲ့ပဂေးသူ့ကို အကြာကြီးကြိုစောင့်မနေချင်တာ လည်း ပါသည်။

"ရပါတယ်ဗျာ၊ အန်တီကို မတွေ့ရင်ဂျွန်းကတက္ကစီနဲ့ လာတော့မလို့၊ ခုလိုအလုပ်ဖျက်ပြီး လာကြိုတာကိုပဲ ကျေးဇူးတင်ပါတယ်"

သူ့စကားသံအေးအေးမှာ ဒေါသဖြစ်စရာလည်း မပါပါဘဲ ပဂေး ရင်ထဲတင်းခနဲဖြစ်မိ၏။

"ကယ်ကယ်ကျော်က ဘာတွေစိတ်ပူမှန်းမသိပါဘူး၊ ဂျွန်းကတောင်ကြီးသားဆိုပေမယ့် ရန်ကုန်နဲ့ မစိမ်းပါဘူး၊ ကျောင်းတက်တုန်းကရန်ကုန်မှာ လာတက်တာပဲ"

တည်ကြည်ရည်မွန်သော ရုပ်ကလေးနှင့် သူ့ကိုယ်သူ ဂျွန်းဟု ကလေးဆန်ဆန်ထည့်ပြောတက်တာကို ပဂေးနားထဲဆန်းနေရ၏။

"မောင်စိန်ဂျွန်းကို လာကြိုရတာ အန်တီအတွက်အပန်းမကြီးပါဘူး"

"ဟုတ်ကဲ့"

သည် ကောင်လေးက ဘယ်လိုလဲ။ ရယ်ဟဟနှင့် ခေါင်းညွှတ်ပြပြန်ပြီ။

"ကိစ္စတွေရှင်းခဲ့ပြီဆိုရင် အန်တီတို့ သွားကြရအောင်"

"ကောင်းပါပြီ"

လက်ထဲက သားရေသေတ္တာအညိုလေးကို ကားနောက်ဖုံးဖွင့်ကာသွားထည့်လိုက်ပုံက မြန်ဆန်သည် ။

အနောက်အတိုင်းဝတ်စုံမီးခိုးဖျော့လေးက သူနှင့် လိုက်ဖက်ကြည့် ကောင်းပေမယ့် နုပျိုငယ်ရွယ်မှုကိုမဖုံးကွယ်နိုင်။

ဘာမှ မထူးခြားသော လှုပ်ရှားမှုလေးတွေကိုပဲငေး ကြည့်မိလျက်သား ဖြစ်နေတာမို့ မြန်မြန်မျက်နှာလွှဲရသည် ။

အစိမ်းနှင့် ပန်းရောင်နု ရောစပ်ထားသောကျောပိုးအိတ်လှလှလေး ကိုတော့ သူကလက်ထဲဆွဲလျက်သားတံခါးဖွင့်ဝင်ထိုင်လိုက်သည် ။ ထိုင်ပြီးချိန်မှာ ထိုအိတ်ပေါ်လက်ပိုက်တင်ကာ ပငေး ဘက်ခပ်တည်တည်စိုက်ကြည့်နေလေသည် ။

ဟန်မပျက်ပင် ကားမောင်းထွက်ခဲ့ရသော်လည်း ပငေးရင်ထဲလှုပ်ရှားမှုကမပြယ်နိုင်။ သည် လိုစေ့စေ့ကြည့်နေမိတာကို သူအားမနာဘူးလား။ အင်းလေ။ ဘာလို့ အားနာရမှာ လဲ။

အမေအရွယ်အဒေါ်အရွယ် အဘွားကြီးတစ်ယောက်ကိုရင်းနှီးနှစ်လို မှုနှင့် အကဲခတ်တာပဲ။

နွေးထွေးမှုနှင့် တုံ့ပြန်ကူညီရမှာ က ပငေးတာဝန်ပဲလေ။

"ဦးပြည့်ကျော်ရဲ့ ရန်ကုန်မှာ ကတည်းက ခင်နေတာလား"

ရှေ့တူရှုကို အကြည့်မပျက်ဘဲနှုတ်ခမ်းလေး လှုပ်ရုံမေးတာကို စိန်ဂျွန်းငေးနေမိရင်း ...

"မဟုတ်ပါဘူး၊ တောင်ကြီးမှာ ကတည်းက ဂျွန်းငယ်ငယ်ကတည်းက ကယ်ကယ်ကျော်ကိုချစ်တာ"

ပဂေးနည်းနည်းအံ့သြသွားမိသည် ။ သည် အကြောင်းကိုလုံးဝမသိပါလား။ ပဂေးထင်တာက သူနှင့် ဦးပြည့်ကျော်တို့ နိုင်ငံခြားရောက်မှ ခင်မင်သွားကြတာ ဖြစ်မှာ ပဲလို့ ။ ဒါဆိုဦးပြည့်ကျော်ကိုယ်စား သူ့ကိုလှိုက်လှဲပျူငှာရှိရတော့မှာ ပေ့ါ။

"အန်တီလုပ်ပေးဖို့ လိုတာမှန်သမျှ အားမနာတမ်းပြောပါ။ ဦးပြည့်ကျော်ရဲ့ တူလိုသားလို လူတစ်ယောက်ဆိုတာ အန်တီ့အတွက်လည်း လူရင်းပါ"

"ဟုတ်ကဲ့၊ အန်တီစိတ်ကောင်းရှိတာ အလုပ်ကြိုးစားတက်တာတွေ ကယ်ကယ်ကျော်ပြောဖူးပါတယ်"

"ဟုတ်လား"

တစ်ချိန်လုံးအေးချမ်းတည်ငြိမ်သောအသံလေးသာကြားခဲ့ရပြီးသည်
ဟုတ်လား တစ်ခွန်းကျမှ
ရင်တွင်းကနွေးထွေးသံလေးဖြစ်သွားတာဘာကြောင့် လဲ ...

သူမမျက်ဝန်းတွေလည်း လက်ခနဲတောက်ပ သွားသည် ဟု ထင်လိုက်မိသည် ။ တစ်ဖက်လူက ချီးမွမ်းမဆုံးသလို သည် အန်တီကလည်း ကယ်ကယ်ကျော်စကားတို့ ကို ရင်ထဲစွဲတက်ပုံပါလား။ ဘန်ကောက်မှာ တုန်းကနည်းနည်းလောက်သာစိတ်ဝင်စားမိသောအကြောင်းအရာက သူမ

ရှေ့မှောက်အရောက်မှာ အလွန်တရာစိတ်ဝင်စားဖွယ်ဖြစ်လာပါလား။

စူးငေးသောအကြည့်မှာ ကြည်နူးစိတ်လှုပ်ရှားခြင်းစွက်ဖက်လာတာ မို့ စိန်ဂျွန်းအကြည့်မလွဲမိတော့။ သူမကားမောင်းပဲက ညင်သာညက်ညောသည် ။ ခေါင်းထဲမှာ စီးပွားရေးကိစ္စတွေနှင့် အချိန်ပြည့်ပြည့်ကျပ်နေတတ်တဲ့ ကယ်ကယ်ကျော်က သူမစီးနေကျ ကားလေးမော်ဒယ် အောက်မသွားဖို့ စိတ်ကြိုက်ပြောင်းလဲစီးနိုင်ဖို့ အမြဲတွေးတောစီမံ ပေးတတ်သည် ဆိုတာတကယ်ပဲလား။

တစ်ယောက်ကိုတစ်ယောက်သိပ်စေတနာရှိကြပါတယ်။
ဒါပေမဲ့အဲဒါကိုလည်း ရတက်သမျှဖုံးဖိထားသေးတယ်။

သူများ တွေကိုမသိစေချင်တာမဟုတ်လား။ သူတို့ ဘာသာတစ်ယောက်နဲ့ တစ်ယောက်မသိစေချင်တာ။ ဒါပေမဲ့ရမလားလေ။ ဒါဟာညာလို့ ရတာမှ မဟုတ်တာတဲ့ ။

ကယ်ကယ်ကျော်ပြောတာတော့မဟုတ်ပါ။

ဒါပေမဲ့ သူ့နားထဲကြားဖူးနေကျမို့မှတ်မိနေသည် ။

"ဦးပြည်ကျော်ရဲ့ အထူးဧည့်သည် ဆိုတာလေးတစ်ခုနဲ့ တင်လုံလောက်သွားပြီ၊ ပဂေးကပျာပျာသလဲဂရုစိုက်တော့မှာ သိလား၊ အဲဒါကိုယုံသွား"

တကယ်ယုံရမလားအန်တီ။

အန်တီ့မျက်လုံးတွေကနားလည်ရခက်နေတယ်။

ဂျွန်းကိုနှစ်သက်နိုင်ပ့ါမလား။

စိတ်ထဲကမေးခွန်းတွေနှင့် အတူ သူမကိုမမှိတ်မသုန်ကြည့်နေဖြစ်

သည် ။ သူမဆီကဟု ထင်ရသော မွှေးရနံ့လေး တစ်ခုကလည်း ရှုရှိုက်မဝအောင် ဖြစ်နေရ၏။

ရှုရှိုက်ခံစားဖူးသမျှ အားလုံးတွေထဲမှာ သည် လောက်နှစ်သက်ဖွယ်ကောင်းတာမျိုး မကြုံဖူးခဲ့။ ရန်ကုန်မြေကိုပထမဆုံးခြေချမိတဲ့ နေ့မှာ ပဲ စိတ်ဝင်စားဖွယ်အမျိုးသမီး တစ်ဦးကိုရင်ဆိုင်ရပြီ။ ကယ်ကယ်ကျော်ပြောဖူးတာထက်ကိုသူမမှာ ထူးခြားမှုတွေရှိနေတာမှန်ပေမယ့် ဘာရယ်လို့ စိန်ဂျွန်းပြောမပြတတ်။

ဘေးတိုက်မြင်နေရသောမျက်နှာမှာ နဖူး၊ နားထင်၊ ပါးပြင် မျက်ဝန်း ၊ နှာတံ၊ နှုတ်ခမ်း၊ မေးစေ့အကုန်လုံးကပန်းပုအကျော်အမော်တစ်ဦးရဲ့ စိတ်ကြိုက်ဖန်တီးထားသောပန်းပုရုပ်လေးလို နေရာကျကြည့်ကောင်းလွန်းသည် ။

တစိမ့်စိမ့်ထိုင်ကြည့်နေရင်း တစ်သက်တာအချိန်တို့ သာကုန်ဆုံးသွားနိုင်သည် ။ သည် မျက်နှာလေးကရိုးသွားနိုင်စရာမမြင်။

ကြည့်စမ်း ...ကိုယ်ဘာလို့ သည် လိုမှတ်ချက်တစ်ခုကိုတစ်ထိုင်တည်းနဲ့ ချလိုက်မိသလဲ။ ဘာရယ်လို့ မပြောတတ်ပေမယ့်ရှင်းနေတဲ့ အန်တီ့ မျက်နှာလေးဟာ နက်ရှိုင်းတဲ့ ဆွဲငင်အားတစ်မျိုးရှိနေတာအမှန်ပဲ။

သနပ်ခါးမှုန်မှုန်လေးသာ တင်ထားတာမို့ ပါးပြင်ကအကြောစိမ်းလေးတွေယှက်ဖြာနေတာမြင်သာသည် ။ ထူထဲနက်မှောင်သောဆံပင်သန်သန်တို့ နှင့် နားထင်တစ်လျှောက် ကုပ်သားဖွေးဖွေးတစ်လျှောက်မွေးညင်းနုနုတို့ နှင့် စိမ်းဖန့်နေတာချစ်စရာကောင်းလိုက်တာ။

လေးဆယ်ကျော် ငါးဆယ်နားပေါ့ဆိုသည့် အရွယ်တဲ့ လားအန်တီရယ်။ နုလိုက်တာ။ ယုံချင်စရာတောင်မရှိနိုင်။

ဒါပေမဲ့ ကယ်ကယ်ကျော်ကိုယ်တိုင်က သူ့ထက်သုံးလေးနှစ်သာငယ်သည် ဟု ပြောလိုက်တာမို့မယုံလို့ လည်း မရချေ။

"မောင်စိန်ဂျွန်း ...ဘာတွေစဉ်းစားနေသလဲ"

အမှန်တော့သူတစ်ပါးအတွေးထဲစပ်စုလိုသော ပဂေးမေးခွန်းမှာ ရိုးပျနိုင်သည် ဟု ပဂေးခံယူသည် ။ သို့ပေမယ့် စူးရှသောမျက်ဝန်းတွေအောက်မှာ အသက်ရှူမဝအောင် ဖြစ်နေရပြီမို့မတတ်နိုင်။ နှုတ်ကထွက်မိထွက်ရာမေးခွန်းတစ်ခုနှင့် တိတ်ဆိတ်ခြင်း ကိုဖြိုခွင်းလိုက်မိ၏။

ငေးမောငြိမ်သက်နေမိသူတစ်ယောက်အတွက် ပဂေးမေးပုံကနည်းနည်းလောက်ဖြစ်ဖြစ်အခြေအနေပျက်သွားနိုင်စရာ ရှိသည် ။ အနည်းဆုံးကိုယ်လေးကိုလှုပ်ရှားလို့ ပဲဖြစ်ဖြစ် ရယ်သံတစ်ချက်နှင့် ပဲဖြစ်ဖြစ် ထိုလူကအမှန်ကိုဖြစ်စေ၊ ညာပြီးဖြစ်စေတစ်ခုခုတော့ မြန်မြန်အဖြေပေးမိဖို့ များ သည် ။

သို့ပေမယ့်စိန်ဂျွန်းဆိုသောလူတစ်ယောက်ကတော့မျက်ဆန်ကလေးတောင် ရွေ့မသွား။ မလှုပ်မယှက်ငြိမ်သက်မြဲသက်သောင့်သက်သာပုံစံမှတစ်ချက်ကလေးပင်မလှုပ်ရှားပေ။

ထိုခဏလေးမှာ ပဂေးရင်ထဲအေးခနဲ့ စိမ့်သွားမိ၏။

မိမိနံဘေးထိုင်နေသူဟာအတွေးနက်နက်၊ အကြည့်စူးစူးရှိနိုင်ရုံသာမက ပြင်းထန်သောလွှမ်းမိုးနိုင်စွမ်းတစ်ခုပါရှိနေနိုင်တာအလိုလိုယုံကြည်မိသည် ။

ဒါဖြင့် ပဂေးပိုမိုအနေကျပ်ပြီပေါ့။

ဦးပြည့်ကျော်ရယ် ...သည် ပုဂ္ဂိုလ်လေးကိုပဂေးအနားကိုဘာကြောင့်ပို့လွှတ်လိုက်သလဲ။

"အန်တီမေးတာ မဖြေသေးဘူးနော် ...မောင်စိန်ဂျွန်း"

ရင်ထဲကတိုက်ပွဲငယ်လေးအဆုံးမသတ်ခင် ပင်္ဂေးနှုတ်က ဆက်လက်မေးမြန်းပြီးသားဖြစ်သွားပြန်သည် ။

"ဂျွန်းစဉ်းစားနေတာအများကြီးပဲ၊ လူတစ်ယောက်က လျှပ်တစ်ပြက်လေးမှာ တောင် အတွေးတွေအဝေးကြီးရောက်နိုင်တာ၊ ဂျွန်းတွေးမိသမျှမညာဘဲပြောရင်အန်တီအကုန်နားထောင်ရဲလား"

"ဘာရယ်"

သူမမျက်နှာဆတ်ခနဲလှည့်ထွက်လိုက်တာကိုစိန်ဂျွန်းသဘောကျစွာနှုတ်ခမ်းစေ့ပြုံးလိုက်သည် ။

"တကယ်ပါ ...အန်တီ့သိပ်လှတာပဲလို့ ကျွန်တော်တွေးနေတာ"

"ဟင် ..."

ပင်္ဂေးရင်ထဲထိတ်ခနဲမြည်သွားရသည် နှင့် တစ်ပြိုင်နက် နှုတ်ခမ်းလေးလည်း တင်းတင်းစေ့သွားရသည် ။

ရှစ်မိုင်လမ်းဆုံမီးပွိုင့်မှာ ကားကရပ်ပြီးသားမို့လည်း သူ့ဘက်ကိုအေးစက်စက်မျက်နှာလှည့်လိုက်နိုင်သည် ။

ရယ်ချင်သလိုနှုတ်ခမ်းလေးကိုအတင်းစေ့ကာ ရွှန်းရီရီငေးကြည့်နေတာ မြင်တော့ ပင်္ဂေးပိုမိုဒေါသဖြစ်သွားမိ၏။

ခုမှ တွေ့ရတဲ့ အမျိုးသမီးတစ်ယောက်ကိုသည် လိုပေါ့ပြက်ပြက်ပြောစရာလား။

ပင်္ဂေးဆိုတာသူနဲ့ ရွယ်တူသက်တူလား။

တောက် ...အန်တီသိပ်လှတာပဲရယ်လိုများ ...

"အဲဒါ စိတ်ထဲတွေးလိုက်မိတဲ့ စကားပဲ၊ မှန်တာပြောတာမို့သစ္စာပါပဲ အန်တီ"

ပဂေးစိတ်မပါဘဲနှုတ်ခမ်းဖွင့်ပြုံးရယ်လိုက်သည် ။ ပြီးမှ အရေးမကြီးလှသလိုလေသံနှင့် ...

"ရပါတယ်ကွယ် ...သစ္စာဖြစ်ဖို့ မလိုပါဘူး၊ မောင်စိန်ဂျွန်းတို့လိုလူငယ်လေးတစ်ယောက်ကအန်တီ့ကိုလှတယ်ချောတယ်ချီးမွမ်းတာကျေနပ်စရာပေ့ါ၊ အန်တီကတော့ကိုယ့်ဘာသာအဘွားကြီးဖြစ်ပြီထင်တာ၊ ခုတော့စိတ်ချမ်းသာစရာကြားရတာပဲ၊ ကျေးဇူးပါပဲကွယ် ဒီနေ့ညနေစာကို အန်တီကျွေးပါရစေ၊ ဟုတ်လား"

စိတ်ထဲခံရခက်သွားတာကိုပြန်ပြောလည်း မကောင်းတာမို့လူကြီးလူကောင်းလိုမျိုသိပ်ခေါင်းဆတ်လိုက်ပေမယ့် သူ့မျက်နှာလေးကတော့စူတည်တည်ဖြစ်သွားလေသည် ။ ဒါကိုပဲ ပဂေးကျေနပ်သွားကာရင်ထဲပျော်ရွှင်မိ၏။ ချာတိတ်ဟာ ချာတိတ်ပဲပေ့ါမောင်စိန်ဂျွန်းရယ် ... အန်တီ့ကိုလေးစားတတ်ဖို့ ပဲ ကြိုးစားပါဦး။

***

# အခန်း(၂)

ကျောက်ခက်စိုက်ထားသော ပန်းအိုးသေးသေးလေးက ဖြူဖွေးတောက်ပြောင်သော ကျောက်အိုးလှလှလေးသာ ဖြစ်၏။ အိုးထဲမှာ ရှိနေတာက မြေကြီးလည်း မဟုတ်။ ကျောက်စလစ်တို့ ၊ မီးသွေးခဲတို့ ၊ အုတ်ခဲကျိုးတို့ ၊ ဖွဲပြာတို့ လည်း မဟုတ်။

ရုတ်တရက်ကြည့်လျှင် ကျောက်ကျောအစိမ်းရောင်ကြည်ကြည်လေးတို့ သာ ထင်ရပြီး ကျောက်ကျောပြင်မျက်နှာလိုပဲတုန်ထုံထုံနှင့် ။

သည် ပန်းအိုးလေးက ကယ်ကယ်ကျော်နိုင်ငံခြားမှ ပို့ပေးထားမှန်းမပြောဘဲသိသာပါသည် ။

ဆန်းပြားအဖိုးတန်သည့် ပန်းပင်လေးတစ်ပင်ကိုပင်သူမအနားအရောက်ပို့ပေးဖို့ သတိတရရှိတတ်တဲ့ လူတစ်ယာက်ရဲ့ နှလုံးသားကိုသူမကကော တကယ်ပဲနားမလည်နိုင်ဘူးလား။

ကျောက်ခက်စိမ်းစိမ်းလေးမှ အကြည့်မခွာမိခင် အခိုက်အတန့်စိန်ဂျွန်းခေါင်းထဲမှာ အတွေးတိုပဲဖြတ်ပြေးသွားပြန်သည် ။

သူမကတော့မျက်မှန်ကြည်ကြည်ကို ထွင်းဖောက်ဖြတ်ကျော်လာမလိုမျက်ဝန်းစိမ်းတို့ နှင့် အကဲခတ်နေမှာ စိန်ဂျွန်းမော်မကြည့်ဘဲခံစားရသည် ။

သည် အခန်းတွင်းလေးမှာ သူမရယ်၊ ကိုယ်ရယ်နှစ်ယောက်တည်းဆို

ပေမယ့် ကိုယ်ကဆရာမရှေ့ရောက်နေသောတပည့်ငယ်လိုသာဖြစ်နေ၏ ။ တကယ်ဆို ကယ်ကယ်ကျော်တစ်ခုခုလှမ်းညွှန်ကြားပြီး ချိန်မှ သာသူမနှင့် ကိုယ်တွေ့ရမှာ ။

ခုတော့ကောက်ကာငင်ကာပေါ်လာသော စိတ်ကူးသစ်ကြောင့် သူ့အစီအစဉ်တွေပြောင်းကာ သူမနှင့် ချက်ချင်းလာတွေ့ဖြစ်တာပါ။ သူမနှင့်မျက်နှာချင်းဆိုင်မှာ ထိုင်နေတာဆိုပေမယ့် အလယ်ကမှန်ကပ်ထားသော ကျွန်းစားပွဲကြီးက ရှည်လျားကျယ်ပြန့်လွန်းတာမို့ နှစ်ကိုက်လောက်ကွာရှင်းနေသည် ။

ပြီးတော့သူမကဆုံလည်ကုလားထိုင် မြင့်မြင့်ပေါ်မှာ ထိုင်နေတာမို့အထက်စီးကငုံ့ကြည့်နေကျမျက်နှာထားမျိုးဖြစ်ပြီးသား။

သူမနှင့် ကိုယ်ကြားမှာ မယှဉ်ထိုက်သောအလွှာတစ်ထပ်ရှိတယ်ဟု ပြောနေသယောင် မျက်တောင်ကော့လေးမှေးစင်းလျက်မသိမသာဖေးပင့်ထားသေးသည် ။ ကိန်းခန်းကြီးလွန်းပါတယ်အန်တီရယ်။ ဒါပေမဲ့အားလုံးထဲမှာ အန်တီ့မျက်နှာ တင်းတင်းလေးက အရှိန်အဝါအကုန်လုံးထက် ဂျွန်းအတွက်သာပြီးသားပါ။

သည် ပုံလေးက ဂျွန်းအတွက်ရွေးထွေးဆုံးပဲလား။

တစ်စုံတစ်ခုကိုနားလည်မိသလို ရှိပေမယ့်ဘာရယ်လို့ မသဲကွဲ။ စိတ်ထဲမှာ အောင့်သက်သက်ခံစားနေလျက်ကပဲသူမဟန်ပန်လေးကို သဘောကျနေမိသေးသည် ။

ကိုယ်ကသာတစ်ခွန်းခွန်းစမပြောလျှင်သူမကလည်း မမေးမြန်းဘဲဘယ်အထိရှိနေမှာ လဲမသိ။ လေအေးပေးစက်တပ်ထားသော အခန်းလေးက တိတ်ဆိတ်သလောက် စိန်ဂျွန်းရင်မှာ လှုပ်ရှားဆူညံနေသည် ။ ဘေးနားမကကွန်ပျူတာစက်ရှိရာအကြည့်တစ်ချက် ရောက်ပြီးမှ ကု

လားထိုင်ကိုကျောမှီလိုက်သည် ။

နံရံကပ်ဗီရိုခန်းလုံးပြည့်ရှိနေတာကို အကြောင်းမဲ့လျှောက်ကြည့်နေပြီးသည့် အထိ သူမထံကစကားသံထွက် မလာ။

နောက်ဆုံးတော့ စိန်ဂျွန်းကပဲသူမကိုတည့်တည့်စိုက်ကြည့်လိုက် တော့သည် ။

"ဂျွန်းနဲ့ ပတ်သက်ပြီး အန်တီဘာများ သိထားလဲ"

"မသိပါဘူး၊ ဦးပြည့်ကျော်ဖုန်းထဲကပြောသလောက်ပါပဲ"

မနေ့ကလေဆိပ်မှာ ပြောတာထက်ကို သူမလေသံကအေးစက်နေသ ည် ။

"ဒီဟိုတယ်မှာ အလုပ်ဝင်မှ ဆိုတာကော ပြောပြီးပြီလား"

စိန်ဂျွန်းကလည်း ခပ်တင်းတင်းသာမေးခွန်းထုတ်လိုက်သည် ။

"တိတိကျကျကြီးတော့မပြောသေးပါဘူး၊ ဒါပေမဲ့မောင်စိန်ဂျွန်းကို သွားကြိုလိုက်၊ ဒီမှာ နေချင်တယ်ဆိုလည်း တစ်ခန်းပေး၊ တခြားအကူအ ညီဘာလိုလိုပေးလိုက်ဆိုတာလောက်ပဲ၊ နောက်မှ ထပ်ပြောမယ် ထင် တာပဲလေ၊ မောင်စိန်ဂျွန်းက ဘာများ ပြောစရာရှိနေလဲ ပြောပါကွယ့် ... ရပါတယ်"

"အခန်းတော့မယူပါဘူး၊ ဂျွန်းတည်းခိုဖို့ သူငယ်ချင်းအိမ်ရှိတာပဲ"

"ဟုတ်ပြီလေ၊ မောင်စိန်ဂျွန်းသဘောပါ"

"ဒါပေမဲ့ ဂျွန်းဒီနေ့ပဲအလုပ်စဝင်ချင်တယ်"

"ရှင်"

သူမတစ်ချက်မျက်လုံးဝိုင်းသွားတာကိုရယ်ချင်မိ၏။

ဟန်ပန်အမူအရာ၊ အပြောအဆိုအားလုံး လူကြီးသူမပုံစံဝင်ပါလျက် လူကြီးတစ်ယောက်လို နာယူလိုခြင်း မရှိမိတာဘာကြောင့် လဲ။ လေယူလေသိမ်းလေးကတမင်တကာတင်စီးထားသလိုပဲလို့ ထင်မိတာလည်း မနေ့ကတည်းကပါ။

မျက်စိထဲကြည့်ကောင်းလွန်းလို့ လှတယ်ပြောမိတာကိုပဲဒေါသဖြစ်စရာထင်နေတာ ဘယ်လိုအပျိုကြီးမမပါလဲ။

"ကယ်ကယ်ကျော်၊ မရောက်ခင်အထိ ဂျွန်းဒီအလုပ်ကိုလေ့လာနေမယ်၊ အန်တီ့ကို ကူညီလုပ်ကိုင်ပေးရင်း ပညာလည်း သင်ရင်းပေ့ါ၊ အန်တီကအုပ်ချုပ်ရေးမှူးဆိုရင် အဟဲ …ဂျွန်းကတွဲဖက်အုပ်ချုပ်ရေးမှူးပေ့ါ မကောင်းဘူးလား"

စိန်ဂျွန်းစကားကြောင့် ပဂေးမျက်နှာပျက်သွားမိ၏။

"ဦးပြည့်ကျော် ကအဲဒီလိုမပြောပါဘူး"

"ဂျွန်းကပြောနေပြီပဲဗျာ၊ ဘာလဲ …လက်မခံနိုင်ဘူးလား"

"ဒီလိုလည်း မဟုတ်သေးဘူးလေ မောင်စိန်ဂျွန်းရဲ့ "

စိန်ဂျွန်းလက်ကာကာ ကျွတ်ခနဲ့ ရေရွတ် ပြီး …

"ဂျွန်းပဲခေါ်စမ်းပါဗျာ၊ နားထောင်ရတာ အဆင်မပြေလိုက်တာ"

"ခေါ်တာကအရေးမကြီးလှပါဘူး"

"ဘယ်နှယ့် …အရေးမကြီးရမှာ လဲ၊ လူမှာ အခေါ်အဝေါ်သိပ်စကားပြောတာ၊ ဂျွန်းကိုမောင်စိန်ဂျွန်းလို့ ဆက်ခေါ်မယ်ဆိုရင် ဂျွန်းကအန်တီကိုမမပဲခေါ်မယ်"

"မဟုတ်တာပဲ"

ပဂေးမျက်နှာနွေးခနဲဖြစ်သွားမိတာမို့ ရဲတွတ်သွားနိုင်သည့် မျက်နှာပြင်ကိုသူမြင်ပေတော့မည်။

နှုတ်ခမ်းကို ဖိကိုက်လျက် သူ့ကိုစူးရဲစွာကြည့်နေမိသည် ။

"မမခေါ်ရင် မကြိုက်ဘူးလား"

ကြည့်ပါဦး ...မေးပုံကမချိုမချဉ်နဲ့ ။

ပဂေးခပ်တည်တည်ပင် ခေါင်းညိတ်လိုက်ကာ ...

"အေး ...အန်တီမကြိုက်ဘူး မောင်စိန်ဂျွန်းကခပ်ငယ်ငယ်ပဲဥစ္စာ၊ အန်တီ့ကိုအန်တီပဲခေါ်ပါ"

"ကောင်းပြီလေ ကြိုက်သလိုဖြစ်စေရမှာ ပေါ့၊ ဂျွန်းလည်း ဂျွန်းကို စိန်ဂျွန်းခေါ်တာကိုလုံးဝနားမခံနိုင်ဘူး၊ ဂျွန်းပဲခေါ်ပါဘယ်လိုလဲ"

ဘာမှ မဟုတ်တာကို အချေအတင်ပြဿနာလုပ်နေတာမို့ပဂေးကြည့်မရလှ။ ဒါပေမဲ့ ကိုယ်ကလူကြီးနေရာမို့ အပြုံးအေးအေးခြွေလိုက်တာ ။

"ရပါတယ်ကွယ် ...ဂျွန်းဆိုလည်း ဂျွန်းပေါ့"

သူပြုံးလိုက်ပုံကအမြင်ကတ်ချင်စဖွယ် ကောင်းလှပေမယ့်ပဂေး မသိချင်ယောင်ဆောင်နေလိုက်ရသည် ။

"ဂျွန်းပြောတာကော ဘယ်လိုလဲ"

"အဲဒါ အန်တီဦးပြည်ကျော်ကိုမေးပါရစေဦး၊ ဂျွန်းကခုမှ ရောက်ခါစပဲ၊ အေးအေးဆေးဆေးအနားယူပါဦး၊ ဒီတစ်ရက်နှစ်ရက်အတွင်းမှာ ဦးပြည်ကျော်အကြောင်းကြားဦးမှာ ပဲ၊ အဲဒီကျမှ စီစဉ်ရတာပေါ့လေ မ

ဟုတ်ဘူး လား"

"ဂျွန်းအဲလောက်ကြာကြာစောင့်မနေချင်ဘူး၊ ကယ်ကယ်ကျော်ဆီပြောပေးဖို့ လိုအပ်ရင်ဂျွန်းကိုယ်တိုင်ပဲဆက်လိုက်မယ်"

"မင်းမှာ အဲလောက်အထိအခွင့်အရေးရှိသလား"

ပဂေး မေးခွန်းခပ်ပြတ်ပြတ်ကြောင့် စိန်ဂျွန်း ခဏမျှနှုတ်ဆိတ်သွားရသည် ။

သည် အမျိုးသမီးကြည့်ရတာ ဘယ်လိုပဲ ချိုသာပြေပြစ်ချင်ယောင်ဆောင်ဆောင် အတွင်းသဘောကိုယ့်ကိုမလိုလားတာသေချာနေပြီ။

ဒါမျိုးဆို ဂျွန်းတို့ ကလည်း ပိုစိတ်ဝင်စားတတ်ပါတယ်လေ။

"ရှိမရှိတော့ဂျွန်းမသိဘူး၊ ဂျွန်းကဖြစ်ချင်တာကိုတင်ပြမိတာပါ၊ ကယ်ကယ်ကျော်က မင်းဖြစ်ချင်တဲ့ ပုံစံကို ပြောပြပါတဲ့ ဒေါ်ပဂေးကျော်က မင်းကိုအစစအကူအညီပေးနိုင်မှာ ပါတဲ့ ၊ ဒီလောက်ပဲမှာ လိုက်တာ"

ဒေါ်ပဂေးကျော် ဆိုသောသူ့အသုံးအနှုန်းမှာ ပဂေးရင်ခုန်သံတို့ တဒိတ်ဒိတ်မြည်လာရပြန်သည် ။

စိန်ဂျွန်းဆိုတဲ့ လူက ပဂေးအတွက် တော်ရုံလက်ပေါက်ကတ်မှာ မဟုတ်ဘူး ဆိုတာလည်း ပိုမိုနားလည်သွားရသည် ။

"အန်တီကမင်းကိုမဖြစ်နိုင်ဘူးလို့ ငြင်းပယ်နေတာမှ မဟုတ်တာဘဲ၊ အန်တီအနေနဲ့ လည်း ဦးပြည့်ကျော်နဲ့ တိုင်ပင်ချင်ဦးမယ်ဆိုတာမင်းစဉ်းစားတတ်ဖို့ ကောင်းတယ်"

ပြောရင်းကကို သူမလေသံမှာ ရန်လိုဟန်လေးပါနေပြီ။

"ကယ်ကယ်ကျော် ပြောလိုက်တဲ့ အထဲမှာ အန်တီဒေါသကြီးတယ်ဆို တာတစ်ခုကျန်သွားတယ်ထင်တယ်နော်"

သူ့ရဲ့ မျက်ခုံးပင့်လိုက်ပုံလေးမှာ ပဂေးပိုပြီးအသည်းယားသွားရ၏။ ပဂေးဘက်မှာ ဘာတွေချွတ်ယွင်းချက်ရှိလို့ သူတလေးတစားမရှိတာလဲ။

မျက်မှောင်ကြုတ်ထားရင်း ပဂေးစိတ်တွေနောက်ကျိရှုပ်ထွေးလာရသည် ။

"ဂွန်းရဲ့ အရည်အချင်းနဲ့ ပတ်သက်ပြီးစိတ်ပူစရာမရှိပါဘူးဗျာ၊ စာရင်းအင်းလည်း နိုင်တယ် ကွန်ပျူတာလည်း နှိပ်တတ်တယ်၊ အန်တီခိုင်းရင်ဘာပဲဖြစ်ဖြစ်အောင်လုပ်ပေးနိုင်ပါတယ်၊ မယုံဘူးလား"

မေးပုံမှာ ကိုကရယ်မြူးရိပ်လေးစွက်သည် ။ သူ့ကိုစတွေ့ကတည်းကထိုအမူအရာကိုပဲမုန်းတာ။

"အရေးအကြီးဆုံးက လူမှုဆက်ဆံရေးပဲ၊ အုပ်ချုပ်ရေးမှူးလုပ်ချင်ပါတယ်ဆိုတဲ့ လူဟာ ဆက်ဆံရေးပြေပြစ်ဖို့ လိုတယ်"

"အဟား ...ဒါသိပ်မှန်တာပေါ့"

"မင်းပြောဆိုပုံပေါ့ရွတ်ရွတ်နိုင်လွန်းတယ်"

"ဟုတ်ကဲ့ ...အန်တီပြုပြင်ပေးနိုင်ပါတယ်"

တရိုတသေပုံစံဖြင့်ခေါင်းကိုညွတ်ပြ၏။

စိတ်လိုလက်ရရှိသူ ဆိုရင်တော့ သူ့ပုံစံသူ့စကားတွေမှာ ရောနှောဝင်သွားနိုင်သည် ။

သို့ပေမယ့်ပဂေးတို့ ကအစဉ်သတိရှိနေသည့် လူဆိုတော့သည် လိုမခိုးမခန့်ပုံစံလေးကို မနှစ်သက်နိုင်။

ပဂေးမျှော်လင့်ထားသည့် အနေအထားမျိုးမဟုတ်ဘဲ သူကစတင်တို က်စစ်ဆင်လာသလို ထင်မိတာမို့လည်း နေရင်းထိုင်ရင်းမုန်းတီးလာမိ တော့တာ။

သို့ပေမယ့်စိတ်ထိန်းကာ မျက်နှာကြောလျှော့ရသည် ။

ဘာပဲဖြစ်ဖြစ်သူနှင့် ပြေလည်အေးချမ်းနေဖို့ လိုကိုလိုသည် မဟုတ် လား။

ဦးပြည်ကျော်နှင့် တိုင်ပင်ညှိနှိုင်းပြီးမှ စီစဉ်တာ အကောင်းဆုံး။ ပ ဂေးစကားလွန်လို့ မဖြစ်နိုင်။

ရင်ထဲမှာ မေးစရာစကားလုံးတွေလည်း ပြည့်နှက်နေပြီ။

စိန်ဂျွန်းဆိုတာ ဘယ်လိုလူလဲ။ ဦးပြည့်ကျော်သူ့ကို ဘယ်အတိုင်းအ တာထိအရေးပေးမှာ လဲ။ သူပြောသလိုပဂေးနှင့် တွဲဖက်အုပ်ချုပ်သည့် အထိအခွင့်အရေးရှိမှာ လား။ သည် ကောင်လေးစကားပြောပုံကြည့်ရ တာ လူတွင် ကျယ်လုပ်တတ်မည့် ပုံရတာပါထည့်သတိပေးရဦးမည်။ သူ ကဦးပြည်ကျော်လုပ်ငန်းတွေမှာ ရှယ်ယာဝင်မည့် သူလား။ အဲသည် လို ဆိုလည်း ပဂေးကို ကြိုတင်ပြောပြထားသင့်တာပဲ။

သည် တစ်ခါဖုန်းဝင်လာရင်တော့ ပဂေးမေးရမှာ တွေသိပ်များ နေပြီ ။

"အန်တီတို့ အနေနဲ့ သိပ်ခေါင်းခဲစရာ ဖြစ်နေရင်တော့ဆောရီးပဲဗျာ၊ ဂျွန်းကလည်း အားနေရင်မနေတတ်လို့ ပါ၊ တကယ်ဆိုရင်ဂျွန်းလိုလူကို အန်တီဝမ်းမြောက်ဝမ်းသာလက်ခံသင့်တာ၊ အန်တီအလုပ်တွေကိုကူလု ပ်ပေးဖို့ စေတနာရှိနေတဲ့ သူပဲဗျာ"

"ဒီနေရာမှာ စေတနာထက် အရေးကြီးတာ စည်းကမ်းပါမောင်စိန်ဂျွ

န်း၊ အန်တီမှာ စည်းကမ်းနဲ့ ညီအောင် လုပ်ပေးဖို့ တာဝန်ရှိတယ်"

ခပ်တင်းတင်းပဲပြန်ချေပလိုက်မိသည် ။

သူကအပြုံးမပျက်နိုင်ဘဲ ...

"တခြားလူတွေအတွက်တော့ဟုတ်မှာ ပါ၊ ဒါပေမဲ့ ဂျွန်းရယ် အန်တီရယ် ကယ်ကယ်ကျော်ရယ် ကြားမှာ တော့သူစိမ်းဆန်တဲ့ စည်းကမ်းတွေ မလိုဘူးထင်ပါတယ်လေ"

သူ့စကားကဘာအဓိပ္ပာယ်ရယ် မသိပေမယ့်ပဂေး ရင်ထဲနွေးခနဲဖြစ်သွားရသည် ။

တကယ်ပဲသူဟာပဂေးတို့ အတွက် အရေးကြီးပုဂ္ဂိုလ်လေးပဲလား။ ပြုံးရိပ်သန်းပေမယ့်ခိုင်ကျည်သည့် မျက်နှာထားကို သူပိုင်ဆိုင်သည် ။ ပိုင်နိုင်ပေ့ါပါးသည့် စကားလုံးတွေကလည်း သူ့နှုတ်ဖျားက အလွယ်တကူ ထွက်လာတတ်တာ။

သူပြောသလိုပဲပဂေးတို့ အကြားမှာ တစ်စုံတစ်ရာရင်းနှီးမှု အတိုင်းအတာရှိနေသလား။

ဟို ...ဒါ ဆိုရင်တော့ ပဂေးသူ့ကိုပိုမိုသတိထား ဆက်ဆံဖို့ လိုပြန်ပြီပေ့ါ။

"ကဲပါဗျာ ...အန်တီ့သဘောပါ၊ ကယ်ကယ်ကျော်နဲ့ တိုင်ပင်ကြည့်ဦးပေ့ါ"

ရယ်ဟဟပုံစံလေးကအရာရာကို သေချာပြီးသူလိုစိတ်ချလက်ချ။

ဘာပဲဖြစ်ဖြစ်ပဂေးရင်ထဲကျေနပ်သွားရလျက် ...

"အဲဒီလိုဆိုရင် ကျေးဇူးအများကြီးတင်ပါတယ်ကွယ်အန်တီကိုလည်း

ဘယ်လိုမှ သဘောမထားပါနဲ့ "

"အာ ...အဲဒါတော့မဖြစ်ဘူး"

"ဟင်"

ပဂေးကိုယ်လေးမတ်သွားရကာ သူပြောမည့် စကားအတွက် အနည်းငယ်ပူပန်သွားမိသည် ။

ဘာတုန်းကွယ်၊ သူမကျေနပ်ဘူးလား။

"ဒေါ်ပဂေးကျော် ဆိုတာကို နာမည်ကြားရကတည်းက ဂျွန်းစိတ်ဝင်စားတယ်၊ အန်တီဂျွန်းကိုမုန်းပေမယ့် ဂျွန်းကအန်တီ့ကိုမမြင်ဖူးခင်ကတည်းက ခင်နှင့် တယ်၊ အဲဒါပြောမလို့ ပါ ဘယ်လိုမှ သဘောမထားပါနဲ့ ဆိုတာတော့ မရဘူးဗျာ၊ ဂျွန်းရင်ထဲမှာ အန်တီက ထူးထူးခြားခြားခင်ဖို့ကောင်းနေတယ်၊ ဒါပဲဗျာ ဂျွန်းပြန်ပါဦးမယ်"

ပြောပြောဆိုဆိုနှင့် ပင်ဖျတ်ခနဲထရပ်နှုတ်ဆက်သည် ။ ပြီးတော့ခြေလှမ်းကျဲနှင့် လျှောက်သွားကာ တံခါးဖွင့်ထွက်သွားလေသည် ။

ပဂေးကတော့စားပွဲပေါ် လက်ဖျားလေးထောက်ကာ ခပ်ငေးငေးကြည့်နေမိသည် ။

မင်းဟာနည်းနည်းတော့နားလည်ရခက်နေတာ အမှန်ပဲ။

***

# အခန်း(၃)

ညှော်ခန်းထဲလှမ်းဝင်တာနဲ့ ကက်ဆက်သံတိုးတိုးဦးဆုံးကြားရသည် ။

ဉာဏ်မိုးက ကျွန်းပက်လက်ကုလားထိုင်ပေါ်မှီလျှောလျှောထိုင်ကာ မျက်လုံးကိုမှေးစင်းထား၏။ လက်ဖျားမှာ အငွေ့မသတ်သေးသည့် စီးကရက်တိုနှင့် ။

သူ့နံဘေးဖော်မိုက်ကာအုတ်ခုံပုလေးပေါ်မှာ တော့ ဘီယာဘူး၊ စီးကရက်ဘူး၊ မီးခြစ်နှင့် ပြာခွက်တို့ ကလေးမျိုးတည်းနှင့် မျက်စိထဲရှုပ်စရာဖြစ်နေလေသည် ။

တိုးညင်းသောဟောင်ကောင်တေးသွားကသူ့ကို ချော့သိပ်နေသည့် မှတ်သလားမသိ။

မျက်လုံးကမဖွင့်ချင်သလို ဖွင့်ချင်သလိုနှင့် ခြေသံကြားတော့ ခပ်ဖြည်းဖြည်းမော့ကြည့်သည် ။

"အိပ်ငိုက်နေပြီလားကွ၊ ဘယ်အချိန်ရှိသေးလို့ လဲ"

ကားသော့ကိုနံရံမှာ သွားချိတ်ရင်း စိန်ဂျွန်း တစ်ခွန်းလှမ်းမေးလိုက်၏။

"အိပ်ငိုက်သော မဟုတ်ပါဘူးကွာ၊ ပျင်းပျင်းရှိလို့ ပါ"

ဉာဏ်မိုးက ခပ်မတ်မတ်ပြင်ထိုင်ရင်းလက်ထဲက စီးကရက်တိုကိုပြာ

ခွက်ထဲထိုးခြေပြီးနောက် အသစ်တစ်လိပ်ထုတ်ယူမီးညှိလိုက်သည် ။

"မိန်းမကိုလွမ်းရင်လွမ်းတယ်ပေါ့"

"အဟဲ ...လွမ်းတာကလည်း လွမ်းတာပဲ"

ဉာဏ်မိုးပုံစံက ချက်ချင်းပဲရယ်ကျဲကျဲဖြစ်လာသည် ။

"ခွင့်ရရင်တော့ လိုက်သွားချင်တယ်ကွာ၊ မင်းလည်း ဒီမှာ ရှိနေတုန်း "

သူတို့ လင်မယားတော်တော်ချစ်တာ၊ ဒါပေမဲ့ခွဲနေရချိန်ကပိုများ သည် ။ သီသီကတောင်ကြီးကောလိပ်မှာ ဆရာမ။ ဉာဏ်မိုးကုမ္ပဏီကအခြေစိုက်တာကရန်ကုန်မှာ ၊ တစ်ယောက်တခြားမို့ ပိုချစ်ကြသလားတော့မပြောတတ်။ တတွဲတွဲရှိခဲ့တာ၊ ငယ်သူငယ်ချင်းတွေမို့ ရင်းနှီးမှုကလည်း ပြောစရာမလို။

"မင်းလည်း မပြန်တာတော်တော်ကြာပြီနော်"

"နောက်မှ အေးအေးဆေးဆေးသွားမယ်ကွာ၊ အခုတော့အလုပ်ကိစ္စပဲခေါင်းထဲမှာ ရှိတယ်"

"ဘယ်လိုလဲကွ၊ အဆင်ပြေခဲ့ပြီလား"

ဉာဏ်မိုးစိတ်ဝင်စားလာတာကိုပြုံးရင်းစိန်ဂျွန်းက တီရှပ်ပေါ်ထပ်ဝတ်ထားသည့် လည်သာ ဂျာကင်ကိုချွတ်လိုက်သည် ။

ပြီးတော့ ကုလားထိုင်တစ်လုံး၊ ဆွဲလာကာဉာဏ်မိုးနားထိုင်ဖို့ ပြင်သည် ။

"ဟော့ကောင် ...ထမင်းစားရင်းပြောပါလား၊ ညဥ့်နက်ရင်မစားဖြစ်ဘဲနေမယ်"

အရေးထဲညှော့ဝတ်အကျောလွှန်ပြန်သေးတာမို့ ...

"ထားစမ်းပါကွာ၊ ငါစားခဲ့ပြီးပါပြီ"

"ဟာကွာ ...ဘာလို့ အပြင်ကစားခဲ့တာလဲ၊ ကြီးမေကိုငါမှာ ထားသားပဲ၊ မင်းအတွက်သေချာချက်ပေးဖို့ "

"ကြီးမေကို ငါပြောခဲ့ပါတယ်၊ မင်းကလဲ"

သူငယ်ချင်း အရင်းကြီးတွေဆိုပေမယ့် ခုလောလောဆယ်စိန်ဂျွန်းကညှော့သည် အဖြစ်တည်းခိုနေတာမို့ သည် ကောင်က တလေးတနက်ဂရုစိုက်ရှာတာ။ သူ့မိန်းမမရှိချိန်မို့စားရေး နေရေးအဆင်မပြေများ ဖြစ်နေမလားဟု ကြံဖန်စိုးရိမ်တတ်သေးသည် ။

"မင်းအိမ်ပဲကွာ၊ ငါကဘာတွေအားနာနေရဦးမှာ လဲ၊ အပိုတွေမလုပ်စမ်းပါနဲ့ ၊ ဒီမှာ ငါပြောစရာရှိလို့ "

"အေးပါ ...ဘာတဲ့ လဲအဘွားကြီးကမင်းကိုဝဲလ်ကမ်းပဲလား၊ ဒါဆိုအိုကေပြီပေါ့"

စိန်ဂျွန်းကကျွတ်ခနဲရေရွတ်ကာ ခေါင်းယမ်းလိုက်တာမို့ ဉာဏ်မိုးကိုယ်ကိုရှေ့အနည်းငယ်ကိုင်းကာပိုမိုစိတ်ဝင်စားလာသလို ...

"မင်းနဲ့ အဆင်မပြေဘူးလား"

မေးခွန်းတစ်ခုအလျင်စလိုထွက်လာ၏။

"အဲဒီလိုလည်း မဟုတ်ပါဘူးကွာ၊ ဒါပေမဲ့ တစ်မျိုးတော့တစ်မျိုးပဲ"

"ဘာလဲကွ၊ မင်းဥစ္စာကမရှင်းမလင်းနဲ့ "

"ငါပြောတာ၊ နားထောင်စမ်းပါဦး၊ မင်းကလဲ"

"အင်း ...ဆိုစမ်းပါဦး ..."

ဘယ်ကဘယ်လိုရှင်းရရင်ကောင်းမလဲတစ်ချက်စဉ်းစားရင်းစီးကရက်တစ်လိပ်ထုတ်ယူသောက်ဖို့ ပြင်မိ၏။

"တကယ်တော့ငါကဒီအလုပ်ကိုစိတ်ဝင်စားလှတယ်မဟုတ်ပါဘူး"

"အေးလေ၊ အဲဒါငါသိသားပဲ၊ မင်းဘွဲ့နဲ့ မင်းငွေနဲ့ ငါတို့ နှစ်ယောက်ကကုမ္ပဏီတစ်ခု သတ်သတ်ခွဲလိုက်ရင်တောင်ရတယ်ငါပြောသားပဲ၊ မင်းကသာဒီဟိုတယ်လုပ်ငန်းတွေဘာလို့ စိတ်ပါနေမှန်းငါမသိဘူး"

"ဟုတ်တယ်ကွ၊ ပထမတုန်းကတော့ ငါ့စိတ်ကူးကလည်း မင်းပြောသလိုပဲ၊ ဒါပေမဲ့ဟိုမှာ ကယ်ကယ်ကျော်နဲ့ တွေ့တော့ စိတ်ကူးပြောင်းသွားတယ်၊ သူ့အလုပ်ကိုပဲ ငါစိတ်ဝင်စားလာတယ်၊ ညဏ်ညဏ် ...ငါ့အတွက်သူကအဆင်သင့်လည်း အကူအညီပေးနိုင်တယ် ဒါပေမဲ့လည်း ငါစဉ်းစားထားရုံပဲ၊ ရန်ကုန်ရောက်တဲ့ အထိဆုံးဖြတ်ချက်ကျသွားသေးတာ မဟုတ်ဘူး "

"ဒါဖြင့် ...အခုကော ..."

"ခုတော့ ဆုံးဖြတ်ပြီးသားဖြစ်သွားပြီ၊ ဆည်းဆာဟိုတယ်မှာ နေရာတစ်ခုမှ ဖြစ်တော့မယ်"

"မင်းဥစ္စာက ဘယ်လိုတုန်းကွ၊ ချက်ချင်းကြီးပါလား"

"နေရာတစ်ခုဆိုတာထက် သူ့ကိုတွေ့နိုင်မယ့်နေရာ"

ညဏ်မိုးမျက်မှောင်ကြုတ်လိုက်တာကိုမမြင် ဟန်ပြုကာ

"နဂိုကတော့ လေ့လာချင်တဲ့ သဘောလောက်ပဲပြောထားတာမဟုတ်လား၊ ခုတော့ကယ်ကယ်ကျော်နဲ့ ကွန်တက်ပြန်လုပ်ပြီးနည်းနည်းပါးပါးတောင်းဆိုရတော့မယ်ကွ၊ သိလား"

"မင်းနဲ့ ရင်းနှီးနေတာပဲကွာ ဒါလေးပြောနေရဦးမှာ လား"

"ဟ ...မပြောလို့ ဘယ်ဖြစ်မှာ လဲ၊ ငါကတွဲဖက်အုပ်ချုပ်ရေးမှူးနေရာလောက်လိုချင်တာ၊ အဲဒီလိုသွားပြောလို့ ဟိုကငါ့ကိုဒေါကန်သွားတယ် သိလား၊ ဟား ...ဟား ..."

စိန်ဂျွန်း ရယ်သံကကြည်နူးမှုနှင့် ချိုသာလွန်းနေတာမို့ကြည့်မလှစွာ ...

"ဟိုက ...ဆိုတာဘယ်သူလဲ"

"ဒေါ်ပဂေးကျော်"

"ဗုဒ္ဓေါ ...အဘွားကြီးကိုပြစ်မှားနေတာလား"

ညဏ်မိုးမျက်လုံးပြူးသွားပုံကပိုရယ်စရာ ကောင်းနေတာမို့ စိန်ဂျွန်း တဟားဟားရယ်ယပြန်သည် ။

"မင်းနှယ်ကွာ ...ဂါရဝတရားလေးဘာလေးနဲ့ ပြောစမ်းပါ၊ ပြီးတော့ အဲဒီအဘွားကြီးနဲ့ မင်းကယ်ကယ်ကျော်က အလွန်သံယောဇဉ်ကြီးကြဆို ၊ မင်းပဲပြောပြီး"

စိန်ဂျွန်းရယ်သံတိတ်ကာမျက်နှာလေးပြန်လည် မှုန်တည်သွားရ၏။

"ဟုတ်တယ် ကယ်ကယ်ကျော်စေတနာကဒီအမျိုးသမီးအပေါ်ထူးထူးခြားခြားနက်ရှိုင်းတာတော့အမှန်ပဲ၊ မင်းစဉ်းစားကြည့်လေ၊ ဘာမှ မပတ်သက်တဲ့ လူနှစ်ယောက်ကဆယ့်ငါးနှစ်၊ အနှစ်နှစ်ဆယ်နီးပါးတိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်းနဲ့ စီးပွားရေးလုပ်ငန်းတွေအတူတူလုပ်ကြတယ် ။သူတို့ နှစ်ယောက်ဘယ်တော့မှ မခွဲဘူး၊ လူချင်းဝေးတာတောင် အဆက်အသွယ်တော့လုံးဝမပြတ်စေရဘူး၊ ပြီးတော့အဲဒီနှစ်ယောက်ကဖြူဖြူစင်စင်ပဲ၊ တကယ့်မောင်နှမလိုသူငယ်ချင်းလိုဆိုတာထက်ကိုပြောရခက်

တဲ့ သံယောဇဉ်တစ်မျိုးတော့ရှိမှာ ပဲကွ၊ ခုလည်း ကြည့်လေ ဒီကပိုင်ဆိုင်မှုတွေအကုန်လုံးသူ့လက်ထဲအပ်ခဲ့တာ ဟိုတယ်ချည်းပဲလေးခု၊ မန္တလေးမှာ နှစ်ခု၊ ရန်ကုန်မှာ နှစ်ခု၊ အကုန်လုံးကိုသူပဲလှမ်းအုပ်ချုပ်နေတာ"

"မင်းစိတ်ဝင်စားတယ်ဆိုတာ အဲဒီအကြောင်းတွေလား ဒါမှ မဟုတ် အဘွားကြီးကိုလား"

ညဏ်မိုးကခပ်ရှင်းရှင်းမေးလေသည် ။

အောက်နှုတ်ခမ်းကို ခဏဖိကိုက်ထားကာစိန်ဂျွန်းတော်တော်နှင့်မဖြေ၊ မျက်စိထဲမှာ သူမအရိပ် သဏ္ဍာန်လေးက ဖျောက်မရစွာ ထင်ဟပ်နေသည် ။

"အမှန်အတိုင်းဝန်ခံရရင်လေဆိပ်မှာ တွေ့လိုက်ကတည်းက ငါ့ကိုစိတ်ဝင်စားသွားတယ်၊ သေချာမပြောတက်ပေမယ့်ရင်ထဲမှာ ထူးခြားမှုတစ်ခုခုခံစားနေရသလိုပဲ"

"အဓိပ္ပာယ်မရှိတာကွာ၊ ကိုယ်နဲ့ ဒီလောက်ကအသက်ကွာတာ၊ ပြီးတော့ မင်းကယ်ကယ်နဲ့ ကလည်း ..."

စကားကိုတစ်ဝက်တစ်ပျက်ရပ်ကာခဏနေမှ ...

"ကယ်ကယ်ကျော်ကဒီအမျိုးသမီးကိုမေတ္တာရှိတာ"

ညဏ်မိုးကသင့်တော်သည့် စကားလုံးကိုရှာရခက် နေဟန်မို့ ....

"မေတ္တာရှိတာလို့ ပြောရမှာ လဲ ခက်တယ်ကွ၊ သူတို့ ရိုးရိုးသားသားပဲ "

"အေးလေ ...မရိုးသားရင်လည်း ကယ်ကယ်ကျော် မိန်းမကသဝန်တိုမှာ ပေါ့ကွ၊ ခုဟာအေးအေးဆေးဆေးပဲဥစ္စာ၊ မင်းခေါ်သလိုလိုက်ခေါ်

ရတာ ဘယ်လိုကြီးမှန်းမသိဘူးကွာ အန်ကယ်ကျော်ဖြစ်လည်း အန်က ယ်ကျော် မဟုတ်ဘူး ၊ ဘာလဲကွာကယ်ကယ်ကျော်တဲ့ ကလေးပေါက်စ လေးခေါ်သလိုပဲ"

ဉာဏ်မိုးကမျက်နှာရှုံ့မဲ့ကာစိတ်ပျက်သလိုပြောသည် ။

"မင်းပြောတာအမှန်ပဲကွ၊ ငါစကားမပီခင်ကတည်းက အဲဒီလိုခေါ် တာ ကလေးခေါ်တဲ့ အခေါ်ပဲကွ၊ သူ့မှာ လည်း သားသမီးမရှိတော့ငါ့ကို သားတစ်ယောက်လိုပဲဖြစ်နေတာဟိုတုန်းကတောင်ကြီးကိုခဏခဏ ရောက်တာပဲ"

"သိသားပဲ ငါတို့ လည်း မြင်ဖူးတာပဲ"

ဉာဏ်မိုးကသိပြီးသားအကြောင်းအရာတွေမို့ စိတ်ပြေပုံမရ။

"မင်း မသိတာရှိနေလို့ ပေါ့ကွ၊ ကယ်ကယ်ကျော်အမျိုးသမီးအန်တီ တယ်လီဆိုတာငါ့အဖေရဲ့ အရင်မိန်းမ"

"ဟေ အဲဒါတကယ်လား"

စိန်ဂျွန်းအကြည့်လွှဲကာ ခေါင်းဆတ်ပြလိုက်သည် ။

"မင်းနဲ့ ငါငယ်ပေါင်းကြီးဖော်တွေဖြစ်ပြီး အဲဒါကျငါ မသိပါလားကွ"

"ဒါလျှောက်ပြောနေလို့ ကောင်းတဲ့ အကြောင်းအရာမှ မဟုတ်တာ"

"အေး ...ဟုတ်သားပဲ၊ ဒေါ်ပဂေးကျော်ကကောအဲဒါတွေသိသလား"

"သူမသိဘူးထင်ပါတယ်၊ ကယ်ကယ်ကျော့် အိမ်ထောင်ရေးကိစ္စကို သူဘယ်တော့မှ မစပ်စုတတ်ဘူး"

"မင်းဇာတ်လမ်းတွေကလည်း တစ်မျိုးကြီးပါလား"

"ဒါပေမဲ့ ငါသိချင်တာကဒေါ်ပဂေးကျော်အကြောင်းကွ"

"ဟာ ...ဒီအဘွားကြီးကတစ်သက်လုံးအပျိုကြီး လုပ်လာတာဆို၊ သူ့မှာ ဘာဇာတ်လမ်းရှိလို့ သိချင်ရမှာ လဲ"

"ပြောပြီးပြီလေကွာ ...ငါသူ့ကိုအရမ်းစိတ်ဝင်စားတယ်ဆိုတာ"

"မင်းကွာ ...ကယ်ကယ်ကျော်ကိုလည်း သတိရစမ်းပါဦး"

"မင်းနားလည်မှာ မဟုတ်ပါဘူး ဉာဏ်ဉာဏ်ရာ"

"ငါနားမလည်တာကအကြောင်း မဟုတ်ဘူး ကိုယ့်လူ၊ မင်းပဲအရေးကြီးတာ"

စိန်ဂျွန်း ဘာမှ ပြန်မပြောတော့ဘဲခပ်ကြာကြာစီးကရက်ဖွာနေလိုက်သည် ။

နောက်တော့ဉာဏ်မိုးကပဲစကားပြန်ဆက်စေချင်ပုံနှင့်

"နေပါဦး မင်းအဘွားကြီးကတော်တော်ချောသလား"

မေးခွန်းကထိရောက်လွန်းစွာ စိန်ဂျွန်းမျက်နှာဆတ်ခနဲလှည့်လာစေ၏။

"မင်းမြင်ဖူးရင်အံ့သြသွားမယ်"

"ဒီလောက်တောင်ပဲလား"

သိပ်ယုံချင်ပုံမရတာမို့ စိန်ဂျွန်းကဆံပင်တွေတစ်ချက်ဆတ်ခနဲခါလိုက်ရင်း တက်ကြွသောလေသံလေးနှင့် ...

"သူ့အသက်ဘယ်နည်းနဲ့ မှ လေးဆယ်ကျော် မဖြစ်နိုင်ပါဘူး"

"ဒါဆိုတော်တော်နုတာပေါ့ကွ၊ ဟုတ်လား"

ဉာဏ်မိုးတို့ပြန်စကားလေးကဘာမှ မဟုတ်ဘဲစိန်ဂျွန်းမျက်ဝန်းတွေ

ကို မေးကျဉ်းသွားစေသည် ။

"အေးလေ ...အရွယ်လည်း တင်တယ် အပြင်အဆင်လည်းကောင်းတယ်ဆိုရင်အသက်ကိုဖုံးကွယ်ပြီးသားလိုဖြစ်နေမှာ ပေါ့"

ဉာဏ်မိုးကသူ့ဘာသာမှတ်ချက်ချလိုက်ပြန်သည် ။

ဘာတစ်ခုမှ ခွန်းမတုံ့နိုင်အောင် စိန်ဂျွန်းငြိမ်သက်နေမိသည် ။ ရင်ထဲမှာ လည်း ဆန်းသစ်သောခံစားမှုတစ်ခုနှင့် ပူနွေးလှုပ်ရှားလာရသည် ။ မျက်မှန်ကိုမကြာခဏပင့်တင်တတ်တဲ့ လက်ဖဝါးနုနုလေးတွေ။

လက်ချောင်းသွယ်တွေကပြည့်ဖြိုးတင်းရင်းကာ အကြောအဆစ်တောင်မပေါ်။ ဖော့ဖယောင်းလိုနူးညံ့ဖြူဆွတ်နေသည့် လက်ကလေးကအဖျားထိပ်မှ ချွန်ကာ လက်သည်းခွံတွေကပန်းနုရောင်လွှမ်းနေတာ။ စိန်ဂျွန်းမျက်စိထဲ အသေးစိတ်မြင်ယောင်လာမိသည် ။ သူမလက်ကလေးမြှောက်လာတိုင်း ငေးကြည့်မဝအောင် ရှိခဲ့ရတာတွေ၊ အင်္ကျီအပြင်ဘက်က လည်တိုင်လေးကရော ချောမောပြေပြစ်လွန်းတာပဲ။

ဇရာရိပ်သဲ့သဲ့စွန်းထင်ဖို့ ဝေးလို့ နုနယ်မှုတောင် ပိုကဲနေသေးတာ။ ထူးဆန်းနေပြီအဘွားကြီးလေးရယ်။

***